**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ် ( ၁ /၂၀၂၂)**

**နေပြည်တော်၊ ၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်**

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

၁။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ လုပ်ငန်းနယ်မြေတိုးချဲ့ခွင့်တင်ပြရာတွင် အသုံးပြုရမည့် အမ်အက်ဖ်အိုင်(စ်)-၀၃ ပုံစံအား ပူးတွဲပါပုံစံအတိုင်း သတ်မှတ်လိုက်သည်။

၂။ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ငန်းနယ်မြေတိုးချဲ့ခွင့် တင်ပြလာပါက ပူးတွဲပုံစံပါ တင်ပြရမည့်အချက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်ပြီး အဆိုပါတင်ပြချက်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများထံမှ ထောက်ခံချက်ရယူ၍ ဆက်လက် ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၃။ ပုံစံပါ တင်ပြရမည့်အချက်များ ပြည့်စုံမှုမရှိသည့် နယ်မြေတိုးချဲ့ခွင့် လျှောက်လွှာများကို ငြင်းပယ်ရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက- ၁/ ၆ ( ၀၈၇ /၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

ညွှန်ကြားရေးမှူးများ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၁၄၊၂၊၂၀၂၂

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

နောက်ဆက်တွဲ(က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်း**

**နယ်မြေတိုးချဲ့ခွင့်လျှောက်လွှာ** အမ်အက်ဖ်အိုင်(စ်)-၀၃ ပုံစံ

ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ရုံးအမှတ်(၂၆)၊ နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ ။

ကျွန်တော်/ကျွန်မ၏ ---------------------------------------------------------------သည် ပူးတွဲတင်ပြပါ ပြည်ထောင်စုနယ်မြေ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် လုပ်ငန်းနယ်မြေတိုးချဲ့ဆောင်ရွက်လိုပါသဖြင့် ခွင့်ပြုနိုင်ပါရန် နယ်မြေတိုးချဲ့ခွင့်လျှောက်လွှာကို ပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

လက်မှတ် --------------------

အမည် --------------------

ရာထူး --------------------

ကုမ္ပဏီ/အဖွဲ့အစည်း/လုပ်ငန်းအမည် --------------------

## အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများလုပ်ငန်းနယ်မြေတိုးချဲ့ခွင့်တင်ပြခြင်းအတွက် လျှောက်လွှာ အမ်အက်ဖ်အိုင်(စ်)-၀၃ ပုံစံ တွင် ပူးတွဲတင်ပြရမည့်အချက်များ

၁။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအမည်

၂။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ

၃။ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာ အရေအတွက်

၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပြီးသော်လည်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာ အရေအတွက်

၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအချက်အလက်များ

(က) ရုံးခွဲအရေအတွက်

(ခ) ဝန်ထမ်းအင်အား

(ဂ) အသင်းဝင်အရေအတွက်

(ဃ) စုစုပေါင်းရပိုင်ခွင့်

(င) စုစုပေါင်းပိုင်ဆိုင်မှု

(စ) ထည့်ဝင်ပြီးမတည်ငွေရင်း

(ဆ) ထုတ်ချေးငွေလက်ကျန်

(ဇ) စုဆောင်းငွေလက်ကျန်

(ဈ) ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာအခွန်ရုံးတွင် နှစ်အလိုက် အခွန်စီးကြပ်ပြီးပြတ်မှု အခြေအနေ

၆။ နယ်မြေတိုးချဲ့ခွင့်ပြုရန်တင်ပြသည့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်တင်ပြချက်(Action Plan)

(က) မြို့နယ်တစ်ခုချင်းအလိုက် ရုံးခွဲဖွင့်လှစ် မည့်အစီအစဉ်နှင့် လုပ်ငန်းစတင်မည့်ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ရုံးခွဲဖွင့်လှစ်မည့် ရက် | လုပ်ငန်းစတင်မည့်ရက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |

(ခ) မြို့နယ်တစ်ခုချင်းအလိုက် ထုတ်ချေးမည့်လျာထားချေးငွေ စုစုပေါင်းပမာဏနှင့် လိုအပ်သည့် လည်ပတ်မတည်ငွေရင်းထည့်ဝင် ပြီး/မပြီးနှင့် မထည့်ဝင်ရသေးပါက ရန်ပုံငွေဖြည့်တင်းမည့်အစီအစဉ်နှင့်ရက်စွဲ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | လျာထားချေးငွေ | လည်ပတ်မည့် မတည်ငွေရင်း | |
|---|---|---|---|---|---|
| | | | | ထည့်ဝင်ပြီး | ထည့်ဝင်မည့် အစီအစဉ် |
| | | | | | |

(ဂ) မြို့နယ်တစ်ခုချင်းအလိုက် ဝန်ဆောင်မှုပေးမည့် ချေးငွေ/စုငွေထုတ်ကုန်အမျိုးအစား

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ချေးငွေ/စုငွေ အမျိုးအစား | ချေးငွေ/စုငွေ ပမာဏ |
|---|---|---|---|---|
| | | | (က) ချေးငွေ | (က) ချေးငွေ |
| | | | (၁) | (၁) |
| | | | (၂) | (၂) |
| | | | (ခ) စုငွေ | (ခ) စုငွေ |
| | | | (၁) | (၁) |
| | | | (၂) | (၂) |

(ဃ) မြို့နယ်တစ်ခုချင်းအလိုက်ဝန်ဆောင်မှုပေးရန် ဝန်ထမ်းများထပ်မံခန့်ထားရန်လိုအပ်မှု ရှိ/မရှိ၊ လိုအပ်ပါက ခန့်ထားမည့်အရေအတွက်၊ အစီအစဉ်နှင့်ရက်စွဲ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ခန့်ထားမည့်အရေအတွက် | ခန့်ထားမည့် ရက်စွဲ |
|---|---|---|---|---|
| | | | | |
| | | | | |

(င) မြို့နယ်တစ်ခုချင်းအလိုက်ဝန်ဆောင်မှုပေးရန်လျာထားသည့်ကဏ္ဍအလိုက်အသင်းဝင် အရေအတွက်နှင့် ချေးငွေပမာဏလျာထားချက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ချေးငွေထုတ်ချေးမည့် ကဏ္ဍ | အသင်းဝင် ဦးရေ | ချေးငွေ ပမာဏ (ကျပ်သန်း) |
|---|---|---|---|---|---|
| | | | စိုက်ပျိုးရေးကဏ္ဍ | ၂၀၀ | ၂၀၀ |
| | | | ကုန်ထုတ်လုပ်မှုကဏ္ဍ | ၁၀၀ | ၁၀၀ |
| | | | ဝန်ဆောင်မှုကဏ္ဍ | ၂၀၀ | ၂၀၀ |
| | | | မွေးမြူရေးကဏ္ဍ | ၁၅၀ | ၂၀၀ |
| | | | ကုန်သွယ်မှုကဏ္ဍ | ၂၀၀ | ၂၀၀ |
| | | | MSME | ၁၀၀ | ၂၀၀ |

၇။ နယ်မြေတိုးချဲ့ခွင့်တင်ပြသည့် မြို့နယ်အတွင်းရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | မြို့နယ်အတွင်းရှိ ငွေရေးကြေးရေး အဖွဲ့အစည်း | အရေအတွက် | ဦးရေ | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| | | | (က) ပုဂ္ဂလိကဘဏ်ခွဲ | | | |
| | | | (ခ) မြန်မာ့စီးပွားရေးဘဏ်ခွဲ | | | |
| | | | (ဂ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ | | | |
| | | | (ဃ) သမဝါယမငွေရေးကြေးရေးအဖွဲ့အစည်းများ | | | |
| | | | (င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း | | | |

(စ) မြို့နယ်အတွင်းရှိ ဆောင်ရွက်နေသောအဓိက စီးပွားရေးလုပ်ငန်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အဓိကစီးပွားရေး လုပ်ငန်းများ | အဓိကသီးနှံ/ ထုတ်ကုန် |
|---|---|---|---|---|
| | | | (က) စိုက်ပျိုးရေးလုပ်ငန်း | စပါး/မြေပဲ/သခွား/ဖရဲ |
| | | | (ခ)မွေးမြူရေးလုပ်ငန်း | ကြက်/ဝက်/ဆိတ်/နွား |
| | | | (ဂ) ရေလုပ်ငန်း | ငါး/ပုဇွန်/ဂဏန်း |
| | | | (ဃ)ကုန်ထုတ်လုပ်ငန်း | နို့ထွက်ပစ္စည်း/ အဝတ်အထည်/ စားသောက်ကုန်/ လူသုံးကုန် |
| | | | (င)ဝန်ဆောင်မှုလုပ်ငန်း | ရွှေချည်ထိုး/ ကားဝပ်ရှော့/ တည်းခိုခန်း/ စက်ချုပ်ဆိုင်/ လျှပ်စစ်ပစ္စည်း ပြင်ဆိုင် |
| | | | (စ)ကုန်သွယ်မှုလုပ်ငန်း | စပါး/ ပဲ/ ပြောင်း/ ဆီ/ လူသုံးကုန်/ ပွဲရုံ |
| | | | (ဆ)MSME လုပ်ငန်းများ | ဆီစက်/ ဆန်စက်/ နို့ချက်စက်ရုံ/အထည်စက်ရုံ/ ယက္ကန်းရုံ/ စည်သွပ်စက်ရုံ/ ပရိဘောဂလုပ်ငန်း |

(ဆ) မြို့နယ်အတွင်းရှိ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာနှင့် အရွယ်ရောက်ပြီးသူဦးရေ၊ အိမ်ထောင်စုဦးရေစုစုပေါင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ ကျေးရွာ | အရေအတွက် |
|---|---|---|---|---|
| | | | (က)မြို့ | |
| | | | (ခ)ရပ်ကွက် | |
| | | | (ဂ)ကျေးရွာအုပ်စု | |
| | | | (ဃ)ကျေးရွာ | |
| | | | (င) အရွယ်ရောက်ပြီး သူဦးရေ စုစုပေါင်း | |
| | | | (စ) အိမ်ထောင်စုဦးရေ စုစုပေါင်း | |

၈။ နယ်မြေတိုးချဲ့ခွင့်ရရှိပါက တင်ပြချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ငန်းစတင်မည်ဖြစ်ကြောင်းနှင့် စတင်နိုင်ခြင်းမရှိပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ စီမံခန့်ခွဲရေး နည်းလမ်းအရ ဒဏ်ကြေးပေးဆောင်ရမည်ကိုသိရှိကြောင်း ကတိခံဝန်ချက်